## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့(၂၀. ၁၂. ၂၀၁၂) ရက်နေ့တွင် နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ပေးပို့လာသော နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ၏ အဆိုနှင့်ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်တို့၏အဆို အကြောင်းအရာများသည် တူညီသည့်အတွက် ယင်းအဆို(၂)ခုကို တစ်ပေါင်းတည်း တင်သွင်းပေးဖို့အတွက် ဦးကျော်မြအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးကြီးကို တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ မဲဆန္ဒနယ်အသီးသီးက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းသွားမှာဘဲဖြစ်ပါတယ်။ ဒီနေရာမှာရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်ကလည်း ကျွန်တော်နဲ့အလားတူ အဆိုတင်သွင်းထားတာဖြစ်တဲ့အတွက် ဦးအောင်ကျော်ညွန့်ရဲ့ အဆိုကိုကျွန်တော့်အနေနဲ့အရင်တင်ပြသွားမှာဘဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်မြေ(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်ပေးပို့ထားတဲ့ အဆိုကတော့ကျေးရွာအုပ်စုနဲ့ ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ၏ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေသော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း အဆိုတင်သွင်းဖို့ ရှမ်းပြည်နယ်လွှတ်တော်ကို တင်ပြထားတာဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ တင်ပြထားတဲ့ အဆိုကို ဆက်လက်ပြီးတော့မှ တင်သွင်းသွားမှာဘဲဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကြီးမှာ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅)၊ အဲ့ဒီ (၁၀၅)ရဲ့ အရှည်ကတော့ အဓိပ္ပါယ်ဖွင့်ဆိုထားတာကတော့မှန်ကြောင်း သက်သေခံသော လက်ရှိမြေပုံမှာ ယခုနေ့ အသုံးပြုတဲ့ဦးပိုင်မြေကို လက်ခံရေးကူးရန်ပုံစံဖြစ်ပါတယ်။ ဒါမှမဟုတ် အခုနောက်ဆုံးထုတ်ပေးနေတဲ့ မြေစာရင်းပုံစံ (၂၂)နဲ့ ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်ထားနိုင်ဖို့အတွက် ဖြေလျှော့ပေးသော နှုန်းထားများနဲ့ အောက်ခြေကျေးရွာများထိ စီမံချက်တစ်ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာဘဲဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မြေစာရင်းဦးစီးဌာနသာရှိပြီးတော့မှ ကျေးရွာဦးစီးဌာနမရှိတဲ့အတွက် တောင်သူလယ်သမားများရဲ့ လယ်ယာမြေများကို တိတိကျကျမရှိတာကို တွေ့ရှိရပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်များကြောင့် မတိကျနိုင်တာလည်းဖြစ်ပါတယ်။ ကိန်းဂဏန်းနဲ့ ပိုင်ဆိုင်မှုတွေ မတိကျတဲ့အပြင် သက်ဆိုင်ရာဌာနများအနေနဲ့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ မြေယာဥပဒေများကို လိုက်နာဆောင်ရွက်ရာမှာ အားနည်းမှု၊ ချို့ယွင်းမှုများရှိခဲ့တဲ့အတွက်လည်း မြို့နယ်တိုင်းလိုလိုမှာ ၁၉၅၃

ဥပဒေကြမ်းများ အတည်မဖြစ်သေးမီမှာ တည်ဆဲဥပဒေများပဲဖြစ်ပါတယ်။ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၁၉၆၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်တဲ့ ဥပဒေများဟာ ပြည်ထောင်စုလွှတ်တော်မှာ မြေယာမှုခင်းမျိုးစုံ၊ မြေယာပြဿနာမျိုးစုံ ဖြစ်ပွားလျက်ရှိတာ အားလုံးအသိပဲဖြစ်ပါတယ်။ ယခုဆွေးနွေးတင်ပြနေတဲ့ အချိန်ထိလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံခန့်ခွဲတဲ့ဥပဒေများကို ကြည့်လို့ရှိရင် ဒီနေရာမှာ ကျွန်တော့်အနေနဲ့ရှင်းလင်း တင်ပြချင်တာ၊ ထည့်သွင်းတင်ပြချင်တဲ့ အချက်ကတော့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် လွှတ်တော် ပထမအကြိမ် တတိယပုံမှန်အစည်းအဝေး ကျင်းပတဲ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က နေပြီးတော့ မတ်လ ၁၅ ရက်နေ့ထိ ကျင်းပတဲ့ ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အဆိုပဲဖြစ်ပါတယ်။ ဒါပေမဲ့ အဲ့ဒီအဆိုကို အခုချိန်ကျမှ ဒီပဉ္စမအကြိမ်ပုံမှန်အစည်းအဝေးကျမှ တင်သွင်းခွင့်ရတဲ့အတွက် ကျွန်တော်တင်သွင်းခွင့်ရတဲ့ အချို့ အချက်များဟာနည်းနည်းလေး ယခုထွက်လာတဲ့ ဥပဒေနဲ့လိုအပ်နေတာလေးလည်းရှိမယ်ဆိုတာကို ကြိုတင်ပြီးတော့မှ နားလည်ပေးဖို့ ထည့်သွင်းပြီးတော့မှ ဆွေးနွေးတင်ပြအပ်ပါတယ်။ အဲ့တော့အခုအချိန် မှာဆိုလို့ရှိရင်တော့ အားလုံးသိကြပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့ နည်းဥပဒေကို နိုင်ငံတော် သမ္မတအနေနဲ့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဒီလိုဥပဒေတွေပြဋ္ဌာန်းထားသော်လည်း ကျွန်တော်တို့ မြို့နယ်မှာလွန်ခဲ့တဲ့နှစ်(၂၀)က ကော်ဖီစီမံကိန်းအတွက်ဆိုပြီးတော့မှ ပုဂ္ဂလိကတွေကို ဧက(၁၂၀၀)ကျော်ချ ပေးရာမှာ လယ်သမား(၁၃၇)ဦးရဲ့ လယ်ယာမြေဧက(၆၀၀)ကျော် ပါဝင်သွားတဲ့ ဖြစ်ရပ်တွေ၊ ကုမ္ပဏီများကို မြေလွတ်မြေရိုင်းများ နှစ်ရှည်သီးနှံစိုက်ပျိုးဖို့အတွက် ဧက(၅၀၀)(၁၀၀၀) စတဲ့ သက်ဆိုင်ရာက ခွင့်ပြုတဲ့အခါမှာ တစ်ကယ့်မြေလွတ်မြေရိုင်းတွေ ဖြစ်ရမဲ့အစား တောင်သူတွေရဲ့ လက်ရှိစိုက်ပျိုးနေတဲ့ ယာမြေများ၊ လယ်မြေ များပါဝင်သွားလို့ တောင်သူတွေက အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တင်ပြနေကြပေမဲ့၊ တောင်သူတွေဘက်က မြေယာဆုံးရှုံးမှု ဖြစ်ရတဲ့အပြင် ကုမ္ပဏီမြေထဲ ဝင်ရောက်နှောင့်ယှက်မှုကြောင့် တရားရုံးက ပြစ်ဒဏ်စီရင် လို့ထောင်ကျသွားတဲ့ မှုခင်းမျိုးတွေ၊ ပြင်ဦးလွင်-မိုးကုတ် ကားလမ်းဖောက်လုပ်လိုက်တဲ့အတွက် လမ်းဘေး တစ်လျှောက်မြေများ တန်ဘိုးရှိလာတဲ့အချိန်ကျမှ ပူပူနွေးနွေးရယူလာတဲ့ အထက်က စာရွက်စာတမ်းများ ကြောင့် သံဘိုအုပ်စုက တောင်သူတစ်ချို့ စိုက်ပျိုးနေဆဲ မြေယာအချို့ လက်လွှတ်ဆုံးရှုံးသွားရတဲ့အပြင် စိုက်ပျိုးထားတဲ့ သီးနှံကြောင့် တရားစွဲခံရတဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ မှုခင်းမျိုးတွေ လုပ်ပိုင်ခွင့် ရှိသူတွေကလည်း လမ်းဘေးနေရာတွေမှာ ကိုယ်တိုင်ယူရုံနဲ့ အားမရဘဲ ကေလာရကျေးမင်း စပါးနှံသယ်သလို ဆွေမျိုးမိဘ တွေအတွက်ပါ သိမ်းယူကြတဲ့ဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်လိုဘဲ တစ်ခြား မြို့နယ်တွေမှာလည်း အလားတူ ဖြစ်ရပ်မျိုးတွေ မှုခင်းမျိုးတွေနဲ့ တောင်သူလယ်သမားများ မြေယာဆုံးရှုံးမှု တွေရှိနေကြတယ်လို့ ယုံကြည်ပါတယ်။ ဒီလိုတောင်သူ လယ်သမားတွေရဲ့ မြေယာများ၊ ဆုံးရှုံးခြင်း၊ မြေယာ မှုခင်းပြဿနာ အမျိုးမျိုးပေါ်ပေါက်နေရခြင်းဟာ တောင်သူလယ်သမားများ လက်ဝယ်မှာ မြေစာရင်းက စည်းကြပ်တဲ့ မြေခွန်ပြေစာသာရှိကြပြီး ပုံစံ (၁၀၅) (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နဲ့ ဦးပိုင်မှတ်တမ်းများ လက်ဝယ်ကိုင်ဆောင်ထားနိုင်ခြင်းမရှိမှုကြောင့်ဖြစ်ပါတယ်။ တောင်သူလယ်သမားများ အနေနဲ့လည်း ၄င်းတို့ စိုက်ပျိုးတဲ့မြေအတွက် ပုံစံ (၁၀၅) ဒါမှမဟုတ်ရင် ပုံစံ (၂၂)နဲ့ ဦးပိုင်မှတ်တမ်းများ လက်ဝယ်ကိုင်ဆောင်ထား လိုကြသော်လည်းပဲ ရိုးသားတဲ့ တောင်သူများ အများစုအနေနဲ့ ရုံးများသွားရမှာကို ကြောက်ရွံ့ခြင်း၊ ရုံးသွား ပြန်တော့လည်း တစ်ခေါက်လောက်နဲ့မပြီးဘဲ အကြိမ်ကြိမ်ချိန်းဆိုသွားလာရခြင်း၊ ကုန်ကျစရိတ်မှာလည်း သောင်းဂဏန်း၊ သိန်းဂဏန်းထိပေးနေရတဲ့အတွက် အများစုဟာ ဆင်းရဲနွမ်းပါးပြီးတော့မှ မတတ်နိုင်ကြခြင်း စတဲ့အခက်အခဲများကြောင့် အထောက်အထားများ ကိုင်ဆောင်လိုကြသော်လည်း မဆောင်ရွက်နိုင်တာကို တွေ့ရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားတိုင်း ပုံစံ (၁၀၅)ဖြစ်စေ၊ ပုံစံ (၂၂)ဖြစ်စေ ကိုင်ဆောင်နိုင်ဖို့အတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေး ကဒ်ပြားများကို ဖြေလျှော့မှုများ ပြုလုပ်ပြီးတော့မှ စီမံချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးသလို ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများကိုလည်း စီမံချက်တစ်ရပ်ချမှတ်ကာ ဖြေလျှော့မှုနှုန်းထားများဖြင့် ဆောင်ရွက်ပေးနိုင်မှသာ တောင်သူလယ်သမားများ ပုံစံ (၁၀၅) (သို့မဟုတ်) ပုံစံ (၂၂)များ လက်ဝယ် ကိုင်ဆောင်ထားနိုင်ပြီး မြေယာမှုခင်းများလျော့ကျလာမှာဖြစ်သလို မြေစာရင်းမြေပုံနဲ့ မြေကြီးမြေပုံများလည်း ကိုက်ညီသွားပြီးတော့မှ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဘိုး GDP တွက်ချက် ရာမှာလည်း မှန်ကန်တဲ့ ကိန်းဂဏန်းများ ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒီအကျိုးရလဒ်များအပြင် ရှမ်းပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈) ရပ်နဲ့ ပထမလုပ်ငန်းစဉ်ဖြစ်တဲ့ လယ်ယာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုရာကျတဲ့အတွက် တောင်သူလယ်သမားတိုင်း အား မြေစာရင်းပုံစံ (၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံလက်ခံရေးကူးခွင့်ပုံစံ (၁၀၅) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂)နဲ့ ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ် ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသောနှုန်းထားဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်တစ်ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက်တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ **ဟသြဘာသံများ'**

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဦးကျော်မြ အဆိုနဲ့ ဦးအောင်ကျော်ညွှန့် အဆိုကို ကျွန်တော် ဦးစိုင်းစိန်ဝင်းက ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးလောရင်း၊ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး။**နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဦးကျော်မြရဲ့ အဆိုနဲ့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဦးအောင်ကျော်ညွှန့်ရဲ့ အဆိုကို ကျွန်တော် ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလောရင်းမှ ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။

**ဦးဝင်းမြင့်၊ အင်းအမျိုးသားလူမျိုးစုကိုယ်စားလှယ်။**လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ညောင်ရွှေ မြို့နယ်၊ အင်းအမျိုးသားလူမျိုးစုကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင်တင်ပြထားတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ်အဖြစ် တင်သွင်းသင့်ကြောင်း အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူခြင်းနှင့် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မြ တင်သွင်းသွားသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာနောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျော်မြ၏ " တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ (၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးပုံစံ (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂)

(၂၂) ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့သောနှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက် (၁) ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့တိုက်တွန်းကြောင်း" အဆိုနဲ့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ "ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင်နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သောနေအိမ်များ၊ စိုက်ပျိုးရေး လုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း" အဆိုများဖြစ်ပါတယ်။

ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။**
**လွှတ်တော်ကအတည်ပြုသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးကျော်မြရဲ့ အဆိုကိုလက်ခံ ဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေငြာပါတယ်။ **ဟသြဘာသံများ'**

**ဥက္ကဋ္ဌ။** အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နား တဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၁. ၁၂. ၂၀၁၂) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးကျော်မြ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ တောင်သူလယ်သမားများတိုင်းအား မြေစာရင်းပုံစံ (၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးဆွဲရေးပုံစံ (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့သော နှုန်းထား များဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက် (၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနှင့် ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထု များ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြု ပုံစံ (၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦး က ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။ အဆိုကို ဆွေးနွေးဖို့ အတွက် ပထမဦးစွာ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာထွန်းအောင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကျန်းမာပကတိ ချမ်းသာစွာရှိပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ပဏာမအနေဖြင့် ဂါရဝပြုဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်အမှတ် (၁) နယ်မြေမှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ဖြစ်ပါတယ်။

ယနေ့ကျင်းပတဲ့ ပဉ္စမပုံမှန်အစည်းအဝေးကြီးမှာ နောင်ချို မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဦးကျော်မြ အဆိုတင်သွင်းသွားတဲ့ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅) မှန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများထိ စီမံချက် (၁) ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သို့တိုက်တွန်းကြောင်း အဆိုကိုဆွေးနွေး တင်သွင်းသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးအများစုဟာ ကျေးလက်နေတောင်သူလယ်သမားများဖြစ်ကြပါတယ်။ မြို့နဲ့ဝေးလံတဲ့ ဒေသများမှာ နေထိုင်ရတဲ့အတွက် ပညာဗဟုသုတနည်းပါးပြီး စိုက်ပျိုးရေးကိုသာ အဓိကထားကာ ဝမ်းရေးအတွက် အချိန်ပြည့် အလုပ်ကိုသာကြိုးစားလုပ်ကိုင်နေရတဲ့အတွက် မြေယာနှင့်ပတ်သက်၍ လေ့လာရန်အားနည်းမှု ရှိခဲ့သောကြောင့် မြို့နယ်တိုင်းလိုလိုမှာ မြေယာမှုခင်းမျိုးစုံ ဖြစ်ပွားလျက်ရှိနေတာကို တွေ့ရှိနေရပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ/နည်းဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည် ဖော်ရာမှာ အခက်အခဲရလဒ်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။

ယခင်ကမြေယာနဲ့ပတ်သက်၍ ဥပဒေများနှင့်အညီ မြေယာမှုခင်းများကို ဖြေရှင်းခဲ့ရခြင်း၊ တောင်သူ လယ်သမားများ လက်ဝယ်မှာ မြေစာရင်းက စည်းကြပ်တဲ့မြေခွန်ပြေစာသာရှိပြီး ပုံစံ(၁၀၅) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂)နှင့် ဦးပိုင်အမှတ်အသားများ လက်ဝယ်ကိုင်ဆောင်ထားနိုင်မှုမရှိခြင်း ဤကဲ့သို့ ကိုင်ဆောင် နိုင်ရေးအတွက် ရိုးသားတဲ့ တောင်သူများအနေနဲ့ ရုံးသို့အကြိမ်ကြိမ်သွားရပြီး သောင်း၊ သိန်း ဂဏန်းချီကာ ပေးရသဖြင့် ကိုင်ဆောင်နိုင်ခြင်းမပြုနိုင်သည်ကို သိရှိရပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ဦးပိုင်မှတ်တမ်းများကို ကိုင်ဆောင်နိုင်မှုမရှိခဲ့ခြင်း၊ မြေယာမှုခင်းများ ဖြစ်ပေါ်လာသည့်အခါ သုံးသပ်ဆုံးဖြတ်ရသည့်အခြေအနေမျိုးတွင် ငွေပေးသူသာ အနိုင် ရသည့်ကာလမျိုးဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် မြေစာရင်းမြေပုံနှင့် မြေကြီးမြေပုံ ကိုက်ညီအောင်လုပ်နိုင်ပါက မြေယာမှုခင်းများ လျော့ကျလာမှာဖြစ်ပါတယ်။ ကျေးရွာတိုင်းမှာလည်း လယ်ယာမြေ၊ ခြံမြေ၊ လမ်းမြေ၊ ရွာမြေ၊ ကျေးရွာပိုင်နယ်နိမိတ်၊ သာသနာပိုင်မြေ၊ သစ်တောပိုင်မြေ၊ ဘေးမဲ့သစ်တောပိုင်မြေ၊ ဆည်မြောင်းပိုင်မြေ စသည် အားဖြင့် အမျိုးမျိုးရှိနေတဲ့အတွက် ကျေးရွာလူထုများအားလုံး သိရှိနိုင်ရေးအတွက် နယ်နိမိတ် သတ်မှတ်ရန်အတွက် အရေးကြီးလိုအပ်လာပြီ ဖြစ်ပါတယ်။

ဤကဲ့သို့ နယ်နိမိတ်များခွဲခြားသတ်မှတ်ခြင်းနဲ့ တောင်သူလယ်သမားများကိုလည်း မြေစာရင်းပုံစံ (၁၀၅)၊ မြေစာရင်းပုံစံ (၂၂)နှင့် အညီ ဦးပိုင်မှတ်တမ်းများကိုပြုလုပ်ပေးထားပါက မြေယာနှင့်ပတ်သက်၍ ပြဿနာများလျော့ကျလာမှာဖြစ်ပါတယ်။ ၎င်းအပြင် ဤကဲ့သို့ကြီးမားသော မြေယာပြဿနာများ ဖြေရှင်းရာတွင် မှန်ကန်စွာဖြေရှင်းနိုင်ရေးအတွက် ကျွန်ုပ်တို့နိုင်ငံတွင် အခြေအနေပေးပါက အဂတိလိုက်စားမှု စောင့်ကြည့် ရေးအဖွဲ့ (၁)ခု ဖွဲ့စည်းဆောင်ရွက်နိုင်ပါက မှုခင်းပြဿနာမျိုးစုံ ဖြေရှင်းရာတွင် မှန်ကန်စွာ ဆုံးဖြတ် လာနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ အင်းလေးကန်နှင့်ပတ်သက်ပြီး အနည်းငယ်ဆွေးနွေး တင်ပြပါမယ်။

ယခုအခါ အင်းလေးကန်ကြီးဟာ သဘာဝမြေအနေအထား နုံးမြေစီးဝင်မှုကြောင့်လည်းကောင်း၊ ရေလှိုင်ကျွန်းမျှောများကြောင့် လည်းကောင်း၊ ကုမ္ပဏီများ၊ ဟိုတယ်အဆောက်အဦးများကြောင့် လည်းကောင်း ရေလှောင်/ရေထိန်းကန်များ ဥပမာ-သာစည်ကန်၊ နဒီကန်အတွင်းတိုးချဲ့လုပ်ကိုင်လာမှုများကြောင့်လည်း ကောင်း၊ အင်းလေးကန်ကြီးဟာ ကျဉ်းမြောင်းလာပြီး ရေစီး/ရေလာ မကောင်းမှုကြောင့် တောင်သူများ စိုက်ပျိုးရာတွင် များစွာအခက်အခဲကြုံတွေ့လာရပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် အင်းလေးကန်အတွင်းမှာလည်း ပုံစံ (၁၀၅)၊ ပုံစံ(၂၂) လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် လုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဘဝအခြေအနေမလှလို့ တောမှာနေရပြီး ထမင်းတစ်လုပ်အတွက် မဖြစ်မနေထင်းခုတ်စားနေရတဲ့ တောင်သူလယ်သမားများရဲ့ ဘဝမှာအချိန်တန်လို့ အိမ်မပြန်ရသေးဘဲ တစ်ဖက်တစ်လမ်းက ရရာလုပ်ငန်းကို မလွတ်တမ်းလုပ်ကိုင်နေရတဲ့ တောင်သူများရဲ့ ဘဝအခြေလှစေဖို့အတွက် တောင်သူလယ်သမားတိုင်းမှာ မြေစာရင်းပုံစံ (၁၀၅) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂)နဲ့အညီ ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများနဲ့ အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကိုဆွေးနွေးတင်ပြခွင့်ရသည့်အတွက် ကျေးဇူးဥပက္ကာရတင်ရှိကြောင်း ပြောကြားရင်း ကျွန်ုပ်ရဲ့ဆွေးနွေးချက်ကို ဤတွင်နိဂုံးအဆုံးသတ်အပ်ပါတယ်ခင်ဗျား။

**ဟသြဘာသံများ'**

**ဥက္ကဋ္ဌ။** အဆိုကိုဆွေးနွေးရန်အတွက် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းတင်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယမန်နေ့က နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ တင်သွင်းသွားတဲ့ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅)၊ (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသောနှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက် (၁)ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနဲ့ ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သောနေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြသော ဥယျာဉ်၊ ခြံမြေများအား အသိအမှတ်ပြု ပုံစံ (၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှအမြန်ဆုံးလုပ်ပေးသင့်ကြောင်း အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ ရိုးသားပြီး ပညာဗဟုသုတနည်းပါး ကြတဲ့သူများအများစုနေထိုင်ကြတဲ့အတွက် မိမိတို့စိုက်ပျိုးလုပ်ကိုင်စားသောက်နေကြတဲ့စိုက်ပျိုးမြေများ၊ နေထိုင်နေသောရွာမှ နေအိမ်များကို ပုံစံ (၁၀၅) များ လုပ်ရမှန်းမသိကြပါဘဲ မြေစာရင်းကနှစ်စဉ်ကောက်ခံနေတဲ့မြေခွန်ပြေစာများကိုသာ သိမ်းဆည်းထားပြီး ရိုးသားစွာလုပ်ကိုင်နေသူများဖြစ်ပါတယ်။

ပုံစံ (၁၀၅) များမလုပ်ထားကြတဲ့အတွက် မြေစာရင်းဌာနရဲ့ မြေပုံပေါ်မှာ မြေလပ်များ၊ မြေလွတ်များ၊ မြေရိုင်းများအဖြစ် ပေါ်ပေါက်နေပြီး မြေပြင်မှာတော့ တောင်သူများမှာ အမှန်တစ်ကယ်သီးနှံစိုက်ပျိုးစားသောက်ကြတဲ့မြေများ များပါတယ်။ တောင်သူ(၁၀၀)ဦးမှာ (၁၀)ဦး လောက်က ပုံစံ (၁၀၅)များရှိကြပါတယ်။ ဒီအချိန်မှာ မြေလိုချင်ကြတဲ့ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက လုပ်ပိုင်ခွင့်ရှိတဲ့ အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ်များ ထံချဉ်းကပ်ပြီး မြေစာရင်းမြေပုံမှာလပ်နေပြီး မြေကြီးမှာ အမှန်စိုက်ပျိုးနေတဲ့မြေများကိုပုံစံ (၁၀၅)များထုတ်ယူပြီး အထောက် အထားနဲ့ အထက်စည်းလုပ်ကြတဲ့အတွက် မြို့နယ်တိုင်းမှာ မြေယာ ပြဿနာများ၊ မြေယာမှုခင်းများ ပေါ်ပေါက်နေရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုပေါ်ပေါက် လာသော ၂၀၁၂ ခုနှစ် မြေယာဥပဒေနဲ့ နည်းဥပဒေတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေတွေကို တောင်သူတိုင်းနားလည်အောင် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူတွေကို အသိပေး တိုက်တွန်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားများ ဘဝအာမခံချက်ရရှိဖို့ လယ်ယာမြေ လုပ်ပိုင်ခွင့် မှတ်ပုံတင်တဲ့အခါမှာလည်း လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိနိုင်ရန် လျှောက်ထားတဲ့အခါ မှာလည်း ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခကလွဲပြီး ဌာနဝန်ထမ်း များ၊ အုပ်ချုပ်ရေးမှူးများက မမှန်ကန်တဲ့နည်းလမ်းသုံးပြီး ဆောင်ရွက်ခြင်းမပြုကြဖို့ တာဝန်ရှိသူ များက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးအကြံပြုရင်း ဦးကျော်မြ၊ နောင်ချို မဲဆန္ဒနယ်အမှတ် (၁)၏ အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ **မင်္ဂလာပါ**

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်ဝင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော် များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ (၂၀-၁၂-၂၀၁၂) ရက်နေ့က နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ဦးကျော်မြက တင်သွင်းထားသည့်အဆိုကို ကျွန်တော် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သီပေါမဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းစိန်ဝင်းမှ ထောက်ခံ ဆွေးနွေးပါမယ်။ ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီ နိုင်ငံဖြစ်လာသည်နှင့်အညီ ဒီမိုကရေစီ စံနှုန်းပြည့်ညီအောင် ပြည်သူရဲ့ အသံ၊ ပြည်သူရဲ့ဆန္ဒကို ဖော်ဆောင်နိုင်ရန်အတွက် လွှတ်တော်ရဲ့ ဆောင်ရွက် ချက်ကသာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ (၁၀၅) လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်က လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီးလည်းသိရပါတယ်။

သက်ဆိုင်ရာမြို့နယ်များမှလည်း တောင်သူလယ်သမားများအတွက် ဆောင်ရွက်ပေးရန် စီစဉ်နေ ကြောင်းလည်းသိရပါတယ်။ လယ်ယာမြေများဟာ ယခင်ကတောင်သူလယ်သမားများသည် မိမိ၏ မိသားစု စားဝတ်နေရေးအရ ပိုမိုတိုးချဲ့ဖော်ထုတ်လာသည်။ ၎င်းတိုးချဲ့ လယ်ယာမြေများကို လယ်ယာမြေခွန် စာရင်းထဲမှာမရှိပါသဖြင့် ၎င်းလယ်ယာမြေများကိုလည်း တိကျစွာ တိုင်းတာပေးရန်အတွက်လည်း လိုအပ် ပါတယ်။ လယ်ယာမြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများ အခက်အခဲမရှိ အောင် ပြည်သူများကို ကူညီဆောင်ရွက်ပေးနိုင်မည့် သက်ဆိုင်ရာမြို့နယ်၊ ပြည်သူများအားကိုး ယုံကြည်သည့် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် လယ်ယာမြေကော်မတီအဖွဲ့ ဖွဲ့စည်းသင့်ပါသည်။

ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင်နေထိုင်ကြသော ပြည်သူများ ပိုင်ဆိုင်သည့်နေအိမ်များ၊ စိုက်ပျိုး လုပ်ကိုင်သည့် ဥယျာဉ်ခြံမြေများ ပုံစံ (၁၀၅) ရရှိနိုင်ရန်အတွက် အလွန်အခက်အခဲများစွာ ကြုံတွေ့နေရ ပါသည်။ ကျေးရွာများတွင်ပုံစံ (၁၀၅) ရရှိရန်အတွက် အကုန်အကျများစွာ ကျခံပေးဆောင်နေရသည်ကို လည်းတွေ့ရပါသည်။ ပုံစံ (၁၀၅)ကို အမည် ပြောင်းလဲရာတွင်လည်း ကုန်ကျများနေသည်ကို တွေ့ရှိရပါသည်။ ၎င်းဖြစ်ရပ်များကို ရှမ်းပြည်နယ်အစိုးရက ပြည်သူများအတွက် အကုန်အကျနည်းပါးစွာဖြင့် ကူညီဆောင်ရွက် ပေးနိုင်ရန် အောက်ခြေဌာနဆိုင်ရာထိ တိကျစွာစီမံခန့်ခွဲနိုင်မှသာ ပြည်သူများအတွက် တရားမျှတသော အကျိုးခံစားရမည်ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်မြအဆိုနှင့် ဦးအောင်ကျော်ညွန့် အဆိုကို ပြည်သူများအတွက်နှင့် တောင်သူလယ်သမားများအတွက် အမှန်တကယ် များစွာအကျိုးပြုမည်

ဟု ယုံကြည်ပါသဖြင့် လေးလေးနက်နက်ထောက်ခံ ဆွေးနွေးတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ **ဟ**သြဘာသံများ'

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။ ဦးကျော်မြ၊ နောင်ချို မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသွားတဲ့အဆိုကို ပထမဦးစွာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့ အကျိုးအတွက် လယ်ယာမြေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)ဖြင့် ၂၀၁၂ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေဥပဒေပုဒ်မ(၂)အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ အရ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လယ်ယာမြေဥပဒေ စတင်အာဏာတည်ခဲ့ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ(၁၆)၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အစည်း ဖွဲ့စည်းခြင်းကိုလည်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလ (၁၆)ရက်နေ့ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်-

(က) နေပြည်တော်ကောင်စီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီဝင် လယ်ယာကဏ္ဍ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိပထမတန်း စစ်ထောက်လုပ်ငန်း နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး၊ နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး၊ နေပြည်တော် ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးမှူး၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

(၈) ဦးစီးမှူး၊ နေပြည်တော် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေး
ဦးစီးဌာန

(၉) ဦးစီးမှူး၊ နေပြည်တော် အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၀) နေပြည်တော် အတွင်းရေးမှူး
မြေစာရင်းဦးစီးဌာနမှူး
ကြေးတိုင်နှင့်မြေစာရင်း
ဦးစီးဌာန

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(၁) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
တိုင်းဒေသကြီးနှင့် ပြည်နယ်
အစိုးရအဖွဲ့

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေး အဖွဲ့ဝင်
ဝန်ကြီး တိုင်းဒေသကြီးနှင့်
ပြည်နယ်အစိုးရအဖွဲ့

(၃) ဦးစီးအရာရှိ အဖွဲ့ဝင်
ပထမတန်းစစ်ထောက်လုပ်ငန်း
တိုင်းစစ်ဌာနချုပ်

(၄) ပြည်နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

(၅) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၆) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၇) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၈) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၉) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၀) ပြည်နယ်မြေစာရင်းဦးစီး အတွင်းရေးမှူး
ဌာနမှူးကြေးတိုင်နှင့်
မြေစာရင်း ဦးစီးဌာန

(ဂ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာန

| | | |
|---|---|---|
| (၂) | ခရိုင်ဦးစီးမှူး စိုက်ပျိုးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးမှူးစီမံကိန်းရေးဆွဲရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဉက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးမှူး စိုက်ပျိုးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်မြေစာရင်းဦးစီး ဌာနမှူး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

(င) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

| | | |
|---|---|---|
| (၁) | ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး | ဉက္ကဋ္ဌ |
| (၂) | ရပ်ကွက်/ကျေးရွာအုပ်စု ရပ်မိ၊ရပ်ဖ | အဖွဲ့ဝင် |
| (၃) | တောင်သူလယ်သမား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၄) | ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ရပ်ကွက်/ကျေးရွာအုပ်စု မြေတိုင်းစာရေး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

ဖြစ်ပါတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို အမည်နှင့်တကွ ဖွဲ့စည်းဆောင်ရွက်ပေးသွားရန်နှင့် ဖွဲ့စည်းပြီးစီးမှုကို အတည်ပြုချက်ရယူတင်ပြသွားရန် ရှမ်းပြည်နယ်အစိုးရ

အဖွဲ့မှ (၂၁-၁၁-၂၀၁၂) ရက်စွဲပါစာအမှတ် ၁၀၇၈၄/၃-၆၂၉/အစရ (ရှမ်း) ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားပြီးဖြစ်ပါတယ်။

လယ်ယာမြေဥပဒေတွင် အခန်း (၁၃)ခန်း ပုဒ်မ (၄၃)ခုနှင့် နည်းဥပဒေတွင် အခန်း (၁၃)ခန်း၊ အပိုဒ်ပေါင်း (၁၇၀)ပါဝင်ပါတယ်။ လယ်ယာမြေဥပဒေ အဓိကအခြေခံအကျဆုံး အနှစ်သာရမှာ တောင်သူလယ်သမားတိုင်း လယ်ယာမြေကို သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် ဘဝအာမခံချက်ရရှိဖို့အတွက် လယ်ယာမြေ လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းဖြစ်ပါတယ်။ ခိုင်မာသည့် လယ်ယာမြေလုပ်ကိုင်ခွင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ဖို့အတွက် တောင်သူလယ်သမားများအနေဖြင့်မိမိတို့ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများကိုဥပဒေနဲ့အညီ လုပ်ကိုင်ခွင့်လက်မှတ်ရရှိရေး လျှောက်ထားရယူရမှာဖြစ်ပြီး လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ရရှိပြီးမှသာ လယ်ယာမြေဥပဒေပုဒ်မ (၉)အရ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းစသည့် အခွင့်အရေးများရရှိခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ (၁၃)အရ လုပ်ပိုင်ခွင့်အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် တရားဝင်ဖြေရှင်း ဆောင်ရွက်ခွင့်ရှိခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ (၂၆)အရ နစ်နာကြေးနဲ့ လျော်ကြေးများ ခံစားရရှိနိုင်ခြင်းတို့အပြင် လယ်ယာမြေဥပဒေပုဒ်မ (၂၈)အရ သီးနှံပြောင်းလဲ စိုက်ပျိုးခွင့်လျှောက်ထားနိုင်ခြင်း၊ အခြားနည်း အသုံးပြုခွင့်လျှောက်ထားနိုင်ခြင်းတို့ရရှိမှာဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသည့် အခွင့်အရေးများအနေဖြင့်

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်မှ ရလာသော အကျိုးအမြတ်ကိုခံစားပိုင်ခွင့်

(ခ) လုပ်ကိုင်ခွင့်ရရှိထားသော လယ်ယာမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်

(ဂ) အမွေဆက်ခံပိုင်ခွင့်

(ဃ) သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်ခြင်းမရှိသ၍ လယ်ယာမြေ လုပ်ကိုင်ခွင့်

(င) စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမပုဂ္ဂလိက ရင်းနှီးမြုပ်နှံသူများနှင့် အကျိုးတူလုပ်ကိုင်ခွင့်

(စ) နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ဥပဒေနှင့်အညီ နိုင်ငံခြားသား၊ နိုင်ငံသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ အကျိုးတူလုပ်ကိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအနေနှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရမှာဖြစ်ပါတယ်-

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကြီးကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ်(သို့မဟုတ်) အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာပေါင်နှံရမည်။

( စ) သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားပေးခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်း မပြုရ။

(ဆ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမိန့်မရရှိဘဲ အခြားယူ သုံးစွဲခြင်းမပြုရ။

( ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်သီးနှံအမျိုးအစားတို့ ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဈ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း (သို့မဟုတ်) လယ်ယာမြေလုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း(သို့မဟုတ်) ပေးကမ်းခြင်းမပြုရ။

အသက်(၁၈)နှစ်ပြည့်ပြီးသောနိုင်ငံသားသည် အောက်ဖော်ပြ ပါ အချက် (၁)ရပ်ရပ်တွင် အကျုံးဝင်ပါက လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခွင့်ရှိပါသည်။

(က) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိသွားသော တောင်သူလယ်သမား အိမ်ထောင်သားစု (သို့မဟုတ်) အိမ်ထောင်သားစုဝင်ဖြစ်ခြင်း၊

( ခ) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသော တောင်သူလယ်သမား အိမ်ထောင်သားစုအကြီးအကဲ (သို့မဟုတ်) အိမ်ထောင်သားစုတွင် ပါဝင်သူ(၁)ဦး (သို့မဟုတ်) အုပ်ထိန်းသူဖြစ်ခြင်း၊

( ဂ) တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေသေးသော တောင်သူလယ်သမား အိမ်ထောင်စုတွင် ပါဝင်သူ (၁)ဦး၏ အမည်ဖြင့်ထားရှိသော လယ်ယာမြေအားလုံး ကို ထိုအိမ်ထောင်သားစုတွင်ပါဝင်သူ အားလုံးက ပူးတွဲလက်ရှိအသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူ ခံစားခွင့်ရရှိသော တောင်သူလယ်သမား အိမ်ထောင်သားစုဖြစ်ခြင်း။

(ဃ) လယ်ယာမြေဥပဒေအာဏာမတည်မီ လယ်ယာမြေနှင့် သက်ဆိုင်သောတည်ဆဲဥပဒေနှင့်အညီ တရားဝင် လက်ဝယ်လက်ရှိလက်ငုတ်လုပ်ကိုင်နေသူဖြစ်ခြင်း။

( င) မြေကိုအသုံးပြုတဲ့ စိုက်ပျိုးရေး(သို့မဟုတ်) မွေးမြူရေး (သို့မဟုတ်) လုပ်ငန်း(၂)ရပ်စလုံးကို အသက်မွေးဝမ်းကြောင်းအဖြစ် ကိုယ်တိုင်လုပ်ကိုင်သူ၊ ကိုယ်တိုင် အစဉ်တစိုက်ဖြင့် လုပ်ကိုင်သူ၊ ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူ၊ အရင်းအနှီးမတည်စိုက်ထုတ်လုပ်ကိုင်သူ၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊ မျိုးနှင့်သားပေါက်များ ထုတ်လုပ်ရောင်းချသည့် တောင်သူလယ်သမားဖြစ်ခြင်း။

( စ) လျှောက်ထားသည့် လယ်မြေများသည် အမှန် တစ်ကယ်လုပ်ကိုင်နေသူ၊ အသုံးပြုခွင့်ရရှိထားသူဖြစ်ကြောင်း အတည်ပြုခံရသူ အထောက်အထား တင်ပြနိုင်သူဖြစ်ခြင်း။

(ဆ) လယ်ယာမြေပေါ် အသုံးပြုခွင့်ရရှိထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း လျှောက်ထားနိုင်ပါသည်။

အသုံးပြုခွင့်ရရှိထားသောလယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်လွှာပုံစံသစ်ကို သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထား ရမည် ဖြစ်ပါသည်။

ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်

၎လျှောက်လွှာအား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်မြေစာရင်းဦးစီးဌာနသို့ စိစစ်ထောက်ခံချက်ဖြင့်ပေးပို့ရမည်ဖြစ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနအနေဖြင့် လက်ခံရရှိသည့် လျှောက်လွှာကို လုပ်ငန်းစာတွဲဖွင့်လှစ်၍ ယင်းလျှောက်လွှာ လက်ခံရသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်လို သူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြ၍ ရက်ပေါင်း(၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ (၂)ကို လယ်ယာမြေတည်ရှိရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးရုံးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတို့တွင် ကပ်ထားရမည်ဖြစ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနသည် ကန့်ကွက်စာထုတ်ထားသည့် ကာလအတွင်း လျှောက်လွှာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်း ပုံစံ(၃)တွင် ရေးသွင်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့် စစ်ဆေးချက်ပုံစံ(၄)တွင် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာအရ ကန့်ကွက်ချက် တစ်စုံတစ်ရာရရှိလျှင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်သည့်နေ့မှ (၇)ရက်အတွင်း သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ လုပ်ငန်းစာတွဲ လွှဲပြောင်းပေးပို့၍ စုံစမ်းစစ်ဆေးတင်ပြစေရန် အကြောင်းကြားရမည်ဖြစ်ပြီး ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် မြို့နယ်မှ အကြောင်းကြားစာရရှိသည့်နေ့မှ (၇) ရက်အတွင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်မြေစာရင်းဌာနသို့ တင်ပြရမည်ဖြစ်ပါသည်။ မြို့နယ်မြေစာရင်းဦးစီးဌာနသည် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်အတူ ဆက်လက်တင်ပြရမည်ဖြစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအနေဖြင့် ယင်းစာလက်ခံရရှိသည့်နေ့မှ (၇) ရက်အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့် အတူတင်ပြရမည် ဖြစ်ပါသည်။

ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း ထပ်ဆင့်စိစစ်၍ လျှောက်ထားချက်ကို ခွင့်ပြုကြောင်း (သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို မြို့နယ်မြေစာရင်းဦးစီးဌာနကို အကြောင်းကြားရမည် ဖြစ်ပါသည်။ မြို့နယ်မြေစာရင်းဦးစီးဌာနသည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိလျှင် မှတ်ပုံတင်ကြေး (၅၀၀) ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ (၅)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြကာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) ထုတ်ပေးသွားမည်ဖြစ်ပြီး ပုံစံ (၇)နဲ့အတူ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ (၁၀၅) ကိုလည်း အခမဲ့ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ငြင်းပယ်ခံရသူကိုလည်း မှတ်ပုံတင်စာရင်းပုံစံ(၆)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ငြင်းပယ်ကြောင်း အကြောင်း ကြားစာပုံစံ (၈) ထုတ်ပေးရမည်ဖြစ်ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားရာမှ ထုတ်ပေးသည်အထိ သတ်မှတ်ပုံစံ (၈)မျိုးဖြင့် လုပ်ပိုင်ခွင့်လက်မှတ်နှင့်အတူ ပူးတွဲ ထုတ်ပေးမည့် မြေစာရင်းပုံစံ (၁၀၅)ကို ငွေကြေးတစ်ပြား၊ တစ်ချပ်မျှ ရယူခြင်းမရှိဘဲ အခမဲ့ထုတ်ပေးသွားမည်ဖြစ်ပါ၍ တောင်သူလယ်သမားတိုင်း မိမိတို့စိုက်ပျိုးလုပ်ကိုင် အသုံးပြုလျက်ရှိသည့် လယ်ယာမြေများကို သားစဉ်မြေးဆက်၊ ဘဝအာမခံချက်ရရှိဖို့အတွက် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လုပ်ပိုင်ခွင့်လျှောက်ထားသွားရန် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း တွန်းအားပေးဆောင်ရွက်သင့်ပါသည်။

အဆိုတွင်ပါရှိတဲ့ မြေစာရင်းပုံစံ (၂၂)နဲ့ ဦးပိုင်မှတ်တမ်းစာအုပ် ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့သောနှုန်းထား များဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ် ချမှတ်ဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်၍ မြေစာရင်းဌာနတွင် အသုံးပြုလျက်ရှိသော မြေစာရင်းပုံစံ (၂၂)သည် ကွင်းမှတ်စုစာအုပ်ဖြစ်ပြီး ကွင်းမြေပုံမရှိသေးသည့်နေရာများတွင် ယာယီမြေတိုင်းတာပြီး မှတ်သားထားသည့် လုပ်ကွက် ( ၁ )ခုချင်း တိုင်းတာသည့်ပုံစံ (၁)မျိုး ဖြစ်ပါသည်။ ၎င်းပုံစံသည် ဌာနတွင်းသုံးပုံစံသာဖြစ်ပြီး မြေစာရင်း

ပုံစံ (၁၀၅)ကဲ့သို့ အများပြည်သူတို့ ရေးကူးပေးရသောပုံစံမျိုးမဟုတ်ပါ ၄င်းအပြင်မြေစာရင်းဌာနတွင် အသုံးပြုသည့် ဦးပိုင်မှတ်တမ်းစာအုပ်သည် ဦးပိုင် (၁) ဦးချင်းစီ၏ နေရာစုံကိုမှတ်တမ်းတင်ထားသည့် ပုံစံဖြစ်ပြီး ဌာနကသာ ထိန်းသိမ်းရသောပုံစံဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၄င်းပုံစံဖြင့် တိုက်ရိုက်ပေးပို့ခွင့်မရှိကြောင်း အသိပေးတင်ပြအပ်ပါသည်။ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် မြေလွတ်/မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေအရ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်ပိုင် တစ်နိုင်စိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် (၁)ဧကမှ (၁၀)ဧကထက် မပိုသော မြေလွတ်/မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ပြည်နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်မည့် လျှောက်လွှာနှင့်အတူ မြေစာရင်းဦးစီးဌာနက ထုတ်ပေးသည့် မြေပုံ(၂)ပုံနှင့် အတူပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။

အဆိုပါမြေပုံကို ကွင်းမြေပုံတွင်ရှိသောဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆လက်မ ၁ မိုင်စကေး မြေပုံမှ (၁၀၅) မြေပုံရေးဆွဲပေးရမည်ဖြစ်ပါသည်။ ကွင်းမြေပုံမရှိသော ဒေသဖြစ်လျှင် ၁လက်မ ၁မိုင် စကေး (သို့မဟုတ်) ၁း၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်းတို့ကို လျှောက်ထားသူများသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ အခမဲ့ရေးကူး ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ထိုသို့လျှောက်ထားမှုအပေါ် ပြည်နယ်လုပ်ငန်းအဖွဲ့မှ အဆင့်ဆင့်စိစစ်စေပြီး ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်နှင့်အညီ မြေလွတ်/ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းအား ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ခွင့်ပြုသည့် မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ၏ ဧရိယာ ၇၅% အပြည့်အဝလုပ်ကိုင် ဆောင်ရွက်ပြီးဖြစ်ကြောင်း အထောက်အထား ခိုင်မာစွာဖြင့် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် လျှောက်ထားလာပါက တစ်ဧကမှ ၁၀ ဧကထက်မပိုပဲ စုစုပေါင်းဧက ၅၀အထိ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ရယူ၍ ပြည်နယ်လုပ်ငန်းအဖွဲ့မှ ထပ်မံခွင့်ပြုသွားမည်ဖြစ်ပါ သည်။ လုပ်ပိုင်ခွင့်ရရှိသူအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးပြီးပါက စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့်အခြေအနေ ဖော်ပြသောဓါတ်ပုံမှတ်တမ်းနှင့်အတူ ခိုင်လုံသောအထောက်အထားပူးတွဲ၍ မြေလွတ် မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် တင်ပြလျှောက်ထားနိုင်ပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စီစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်နှင့်အတူ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ (၁၀၅)ကိုလည်း အခမဲ့ ပူးတွဲထုတ်ပေးသွားမည်ဖြစ်ပါသည်။ မြေစာရင်းပုံစံ (၁၀၅)သည် ကွင်းမြေပုံနှင့် မှတ်ပုံတင်စာရင်းထူထောင်ထားသော ကွင်း/အကွက်များမှ လည်းကောင်း ကွင်းမြေပုံမရှိသေးသော ဒေသများတွင် ကွင်းမှတ်စုစာအုပ်ဖြင့် ဦးပိုင်လုပ်ကွက်တိုင်းတာသည့် မှတ်စုစာအုပ်မှလည်းကောင်း၊ ၁လက်မ ၁မိုင်စကေး မြေပုံများမှလည်းကောင်း၊ မိတ္တူရေးကူးထားခြင်း ဖြစ်ပါသည်။သက်ဆိုင်သူများမှ လျှောက်ထားလိုသည့် အကြောင်းအရာ အလိုက် ဥပမာ- မြေငှားဂရမ်လျှောက်ထားရန်၊ အနားငှရပ်မြေတိုင်းရန်၊ စည်ပင်တင်ပြရန်၊ တရားရုံးတင်ပြရန်၊ မြေလွတ်မြေရိုင်းမြေလပ် လျှောက်ထားရန်၊ ဓါတ်သတ္တုတူးဖေါ်ခွင့်လျှောက်ထားရန်စသဖြင့် မြေစာရင်းပုံစံ (၁၀၅) လျှောက်ထားမှုများရှိကြပါသည်။

မြို့မြေအဖြစ်သတ်မှတ်ထားသော မြို့များတွင် (၆၄)လက်မ ၁ မိုင်စကေးဖြင့် တိုင်းတာထားသည့်အကွက်အလိုက် မြေပုံများရှိပြီး တောတွင်းများတွင် ၁၆ လက်မ ၁ မိုင်စကေးဖြင့် တိုင်းတာထားရှိသည့် ဦးပိုင်လုပ်ကွက်မြေပုံများရှိပါသည်။ ကွင်းတိုင်းတာခြင်းမရှိသေးသည့် ဒေသများတွင် ကွင်းမှတ်စုစာအုပ်

ဖြင့် ဦးပိုင်လုပ်ကွက်တစ်ခုချင်း တိုင်းတာထားသည့် လုပ်ကွက်၊ မြေလွတ်မြေလပ်နှင့် တောရိုင်းမြေ၊ ကျန် အခြားမြေတို့ကို ၁ လက်မ ၁ မိုင်စကေး မြေပုံများကိုအသုံးပြု၍ မြေစာရင်းပုံစံ (၁၀၅)ရေးကူးရပါသည်။

အထက်ဖော်ပြပါ မြေပုံအမျိုးအစား ဦးပိုင်လုပ်ကွက်၏ တည်နေရာကို မြေစာရင်းပုံစံ (၁၀၅)တွင် မိတ္တူရေးကူးပြီး မြေဧရိယာ ကြီးကြပ်ခံရသူ၊ ပိုင်ရှင်၊ ဂရန်ရှင်များကို ဦးပိုင်မှတ်ပုံတင်စာရင်း ၁(က)မှ လည်း ကောင်း၊ အခွန်ကြီးကြပ်မှု မှတ်ပုံတင်စာရင်း(၂)မှလည်းကောင်း၊ ရေးကူးရပါသည်။ သက်ဆိုင်ရာ မြေတိုင်း စာရေးမှရေးကူးပေးပြီး မြေစာရင်းဦးစီးမှူးမှ မြေစာရင်းမြေပုံနှင့် တိုက်ဆိုင်စစ်ဆေးကာ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးမှ အတည်ပြုလက်မှတ်ရေးထိုးပြီး မြေစာရင်း ပုံစံ(၁၀၅)ကို ထုတ်ပေးရပါသည်။ မြေစာရင်းပုံစံ ရေးကူးထုတ်ပေးခြင်းမှာ သက်ဆိုင်ရာဌာနများသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် မြေတည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစားတို့ကို ဖော်ပြပေးသည့်မြေပုံသာဖြစ်ပြီး တောင်သူလယ်သမားတိုင်း မြေစာရင်း ပုံစံ (၁၀၅)၊ ရရှိလိုပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်လျှောက်ထားစေရန် တွန်းအားပေး ဆောင်ရွက် သင့်ကြောင်းနှင့် လုပ်ပိုင်ခွင့်လက်မှတ်နှင့်အတူ မြေစာရင်းပုံစံ (၁၀၅)ကို အခမဲ့ထုတ်ပေးသွားမည် ဖြစ်ပါ သောကြောင့် အဆိုအားပြန်လည် ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ အဆိုကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျေးရွာအတွင်းနေထိုင်သော ပြည်သူလူထုများ၏ ပိုင်ဆိုင်သောနေအိမ်များကို အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေမယူပဲ အမြန်ဆုံးပြုလုပ်သင့်ကြောင်း အဆိုနှင့်ပတ်သက်၍ မြေစာရင်းဌာနမှ ထုတ်ပေးသော မြေစာရင်းပုံစံ (၁၀၅)သည် လက်ရှိယခုနှစ်အသုံးပြုသည့် မြေပုံပေါ်ရှိ ဦးပိုင်များကို မှန်ကန်ကြောင်း မိတ္တူရေးကူးပေးခြင်းဖြစ်ပါသည်။ ကွင်းဖွဲ့တိုင်းတာပြီး မြေပုံများ၊ စာရင်းများနှင့် ထူထောင်ထားရှိသည့်အပြင် မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်မှုရှိသည့် ဦးပိုင်ကိုသာလျှင် ကောက်နှုတ်၍ မြေစာရင်းပုံစံ (၁၀၅) မိတ္တူရေးကူးပြီးပေးခြင်း ဖြစ်ပါသည်။

ထိုသို့ရေးကူးပေးရာတွင် လျှောက်ထားသည့် နည်းလမ်းအတိုင်းအတွက်သာ အသုံးပြုခွင့်ရှိပါသည်။ သို့ရာတွင်ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အတွင်းရှိ ကျေးရွာမြေများသည် ကွင်းဖွဲ့တိုင်းတာခြင်း၊ မြေပုံရေးဆွဲပြီး စာရင်းများ ထူထောင်နိုင်ခြင်းမရှိသေးပါ။ ယခုနှစ်တွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးရေးအတွက် စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်ပေးရသဖြင့် အထက်ပါ အဆိုပြုချက်ကို ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါသည်။ သို့ရာတွင် နောင်လာမည့်နှစ်များ တွင် အထက်ပါအဆိုပြုချက်ကို တင်ပြပြီး ခွင့်ပြုချက်ရရှိပါက အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စိုက်ပျိုးလုပ်ကိုင်သော ဥယျာဉ်ခြံမြေကို ပုံစံ (၁၀၅) ထုတ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ လယ်ယာ မြေဥပဒေ (၁၀၄)နှင့် နည်းဥပဒေ အပိုဒ် (၃၄)အရ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ (၁)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်မြေစာရင်းရုံးသို့ လျှောက်ထားရမည်ဟု ပြဌာန်းထားပါသည်။

အထက်ပါ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားလိုသူသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင် လျှောက်လွှာပုံစံကို အခမဲ့ရယူကာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မှတစ်ဆင့် မြို့နယ်မြေစာရင်းရုံးသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးသည် ၄င်းလျှောက်ထားခြင်းကို ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ရန် ပုံစံ(၂) ဖြင့် ထပ်ဆင့်ကြော်ငြာရပါသည်။ ၄င်းနောက်လျှောက်ထားခြင်း၊ စစ်ဆေးခြင်းပုံစံ (၄)ဖြင့် စစ်ဆေးပြီးလျှင် သဘောထားမှတ်ချက်ပြုကာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ငြင်းပယ်ရန် အကြောင်းမရှိပါက လက်မှတ်ထိုးပေးရန် ခွင့်ပြုကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ အကြောင်းကြားရမှာဖြစ်ပါသည်။ ၎င်းနောက်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လျှောက်ထားသူသို့ တစ်ဦးပိုင်လျှင် ငွေ (၅၀၀) ကျပ် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇)ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ထိုသို့လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးရာတွင် သက်သေခံမြေပုံမြေစာရင်းပုံစံ (၁၀၅) ပူးတွဲပါရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ တင်သွင်းသည့် ကျေးရွာအတွင်းပြည်သူလူထု များ ပိုင်ဆိုင်သောနေအိမ်များအား ပုံစံ (၁၀၅)ရေးဆွဲပေးရေးမှာ ကျေးရွာမြေပုံ စနစ်တကျတိုင်းတာပြီး ဦးပိုင်မှတ်ပုံတင်စာရင်းကို ထူထောင်ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ လက်ရှိတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးရေးကို လက်ရှိစိုက်ပျိုး လုပ်ကိုင်လျက်ရှိသော ဦးပိုင်လုပ်ကွက်များကိုသာ ဦးစားပေးဆောင်ရွက်ရသဖြင့် လောလောဆယ်တွင် အထက်ပါအဆိုပြုချက်အား ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ စိုက်ပျိုးမြေများအား ပုံစံ (၁၀၅) ထုတ်ပေးရေးနှင့် အခကြေးငွေမယူပဲ အမြန်ဆုံးပြုလုပ်သင့်ကြောင်း အဆိုမှာမူနှစ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးရန်အတွက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးရုံးသို့ လယ်ယာလုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ(၁) ဖြန့်ဝေထားရှိပြီးဖြစ်ပါသည်။ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်နှင့်အတူ ပုံစံ (၁၀၅)ကို အခမဲ့ထုတ်ပေးသွားမည်ဖြစ်သောကြောင့် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆို (၂)ခုနှင့်စပ်လျဉ်းပြီး ရုပ်သိမ်းသင့်ကြောင်း သဘောထားပေးပြီး ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ဒါကြောင့် နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ အဆိုတင်သွင်းသူ ဦးကျော်မြအနေနဲ့ ထပ်မံတင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြန်လည် ဆွေးနွေးခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူရဲ့ အသေးစိတ်ရှင်းလင်းတင်ပြချက်အရ ထွက်ပေါ်လာတဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေထဲက သိသင့်သိထိုက်တာတွေကို ပြည့်စုံစွာသိရှိရတဲ့အတွက်လည်း များစွာကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ ကျွန်တော် တစ်ခုပြောချင်တာက အဓိကအချက်က တောင်သူလယ်သမားတိုင်း အောက်ခြေအထိ ယခုတည်ဆဲဥပဒေအရ ၂၀၁၂ လယ်ယာမြေဥပဒေထဲမှာ ပါလာတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်တွေ လူတိုင်းရရှိသွားဖို့ပဲဖြစ်ပါတယ်။ ရည်ရွယ်ချက်က တူနေပြီဖြစ်ပါတယ်။ ဒီလိုရနိုင်အောင်ဆိုတာက မြေစာရင်းဦးစီးဌာနက အရင်ကလည်း အကောင်အထည်ဖော်ခဲ့တဲ့ဌာနဖြစ်တယ်။ လယ်ယာ မြေဥပဒေအသစ်အရလည်း အဓိကတာဝန်ယူဆောင်ရွက်ရမယ့် ဌာန ဖြစ်တယ်။ အရင်တုန်းကလည်း ဒီဌာနတွေက ဆောင်ရွက်ပေးရမည့် အချက်တွေ တောင်သူလယ်သမားလက်ဝယ်မှာရှိခဲ့လို့လည်း လယ်ယာပြဿနာဖြစ်ခဲ့တာဖြစ်ပါတယ်။

ဥပမာအားဖြင့် ကျွန်တော့်ကိုယ်တွေ့ကိုပဲ ကျွန်တော်တင်ပြပါ့မယ်။ အစိုးရသစ်လက်ထက်မှာဖြစ်ပါတယ်။ နောင်ချိုမြို့နဲ့ (၉)မိုင်ခန့်အကွာမှာ ကြံစိုက်တဲ့မြေ (၅) ဧက တစ်ကွက်ရှိပါတယ်။ (၆) ဧကခွဲ တစ်ကွက်ရှိပါတယ်။ ဒါကိုမြေစာရင်းဦးစီးဌာနသို့သွား၍ ပုံစံ (၁၀၅) ရရှိရေးအတွက်သွားပြီး ဆောင်ရွက်ပါတယ်။ လက်ထောက်ဦးစီးမှူးအဆင့်ကို မြေစာရင်းဦးစီးမှူးက ထည့်ပေးလိုက်ပါတယ်။ ခြံမှာသွားတိုင်းပါတယ်။ ပုံစံ ( ၁၀၅ ) ရရှိရန် ကျွန်တော် ဘယ်လောက်ကြိုးစားရလဲဆိုလျှင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ

ို့ လျှောက်ခဲ့ပြီး ရုံးသို့ အကြိမ်ကြိမ်သွားရောက်ခဲ့သော်လည်း အကြိမ်ကြိမ်ချိန်းပါတယ်။ “ ရပြီလို့ သတ်မှတ်လိုက်ပါ၊ ဖုန်းဖြင့်ဆက်လိုက်ပါ၊ ဘာလို့လူကိုယ်တိုင် လာတာလဲ” ဟုပြောပါတယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလအထိ ကြာသွားပါတယ်။ ဒါတောင်ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဆင့်ပါ။ သာမန်တောင်သူများဆို ပိုဆိုးပါတယ်။ ကျေးရွာမှလာရတဲ့အတွက် စရိတ်ကုန်မယ်။ အကြိမ်ကြိမ်ပြန်ချိန်းမယ်။ ရုံးကိုကြောက်တာတွေလဲရှိတယ်။ ဒီလိုသာ ဥပဒေအသစ်တော့ ထွက်လာပြီ။ တကယ်အကောင်အထည်ဖော်ရမည့်သူများက စိတ်ဓာတ်တွေမပြောင်းဘူး။ လုပ်နည်းလုပ်ဟန်တွေ မပြောင်းဘူးဆိုလျှင် အောက်ခြေမှာ ဒီဥပဒေရဲ့ အကျိုးခံစားခွင့်ကို တောင်သူများ ပြည့်ပြည့်ဝဝရရှိမှာမဟုတ်ပါဘူး။

ဒါကြောင့်ကျွန်တော် တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့ ရည်ရွယ်ချက်ကလည်း တောင်သူလယ်သမားတိုင်းလက်ဝယ်မှာရှိရင် ပြဿနာမပေါ်နိုင်ပါဘူး။ ရောက်သွားဖို့ပဲ အရေးကြီးပါတယ်။ အဲဒီတော့ မနေ့က တင်ပြခဲ့တဲ့ အချက်ထဲမှာလဲ ပါပါတယ်။ တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာတင်ခဲ့တဲ့ အဆိုဖြစ်ပါတယ်။ ဒါကတော့ ဥပဒေထွက်လာပြီးမှ ကျွန်တော် ဆွေးနွေးခွင့်ရတဲ့အတွက် ဝန်ကြီးက ရုပ်သိမ်းဖို့ သဘောထားမှတ်ချက်ပေးတာကို တွေ့ရပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့် အဆိုပေါ်မှာ လွှတ်တော်ကိုယ်စားလှယ် (၃)ယောက်ကလည်း ဆွေးနွေးထားတာ ရှိပါတယ်။ ထောက်ခံတုန်းကလည်း (၃)ယောက် ထောက်ခံထားတာဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထားသင့်တယ်လို့ ယူဆတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ မှတ်တမ်းတင်ထားပေးနိုင်ပါရန် လေးစားစွာတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကိုတင်သွင်းတဲ့ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ၄င်းတင်သွင်းတဲ့အဆိုနဲ့ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ပေးရန် တင်ပြလာတာရှိပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ ဆန္ဒကို ကျွန်တော်တို့ ရယူမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံလက်ခံရေးကူးရန်ပုံစံ ) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း ”** အဆိုနှင့် **“ကျေးရွာအုပ်စုနှင့်ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြ သော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြုပုံစံ (၁၀၅) ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း ”** အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရန် သဘောတူပါသလားခင်ဗျား /သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား -

**[(၃)ကြိမ်တိုင်တိုင်မေးမြန်းပါသည်။**
**လွှတ်တော်မှသဘောတူပါသည်။]**

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို လွှတ်တော်မှ **မှတ်တမ်းတင်ကြောင်း** ကြေညာပါတယ်။
**ဟ**ဩဘာသံများ‘